# အကြင်နာလှိုင်း

## မုန့်တိုင်းဒဏ်သင့်သူများအတွက် ဆုတောင်း အမျှဝေပွဲ
## ဒေါ်အောင်ဆန်းစုကြည်မွေးနေ့ နှင့် မြန်မာအမျိုးသမီးများနေ့ပွဲ

မေတ္တာ ကရုဏာ ကြင်နာသနားတတ်သူတို့အကြောင်းကိုပြောကြရင် မိခင်ကောင်းတို့ကို ထာဝရ စံပြုလေ့ရှိတာပါ။ အမေတွေရဲ့ သားသမီးတွေအပေါ်ထားတဲ့ အနှိုင်းမဲ့ မေတ္တာကရုဏာကို ဘာသာလူမျိုးမကွဲ လူသားတိုင်းကလည်း ရင်ထဲမှာ နက်ရှိုင်းစွာ အသိအမှတ်ပြုတတ်ကြစမြဲပါပဲ။ ကျမတို့ ဒေါ်အောင်ဆန်းစုကြည်မွေးနေ့ကို အမှတ်တရပြုလုပ်ကြတာက မိခင်ဘဝကို စွန့်လွှတ်စတေးပြီး သားတွေနဲ့ ဝေးနေရုံမျှမက လူစဉ်မမီ သူစင် မမျှ ဖြစ်နေကြရတဲ့ တိုင်းသူပြည်သားတွေ၊ ကျမတို့မျိုးဆက် သားမြေးတွေအတွက် စံပြုထိုက်သူမို့ အမှတ်တရပြုလုပ်ကြတာပါ။ မိခင်အားလုံးကို ကိုယ်စားပြုတဲ့ ပွဲဆိုလည်း မမှားပါဘူး။

နောက်ပြီး မကြာမီကဖြစ်ပွားခဲ့တဲ့နာဂစ်မုန်တိုင်းရဲ့ ကြီးမားတဲ့ရိုက်ချက်အောက်မှာ မိခင်တွေ အသက်ပျောက်ကြရသလို ရင်သွေးငယ်တွေ အသက်ပျောက်ကြရ၊ မိခင်မဲ့ဖြစ်ကြရတာလည်း အမြောက်အများပါပဲ။ ကြေကွဲဝမ်းနည်းစရာ ကလေးသူငယ်ရုပ်အလောင်းတွေနဲ့ ငိုကြွေးမြည်တမ်းနေတဲ့ မိခင်တွေရဲ့ မျက်ရေစတွေကိုလည်း အားလုံးနီးပါး မြင်မိလိုက်ကြမှာပါ။

မိခင်စိတ်ရှိတဲ့ ကျမတို့၊ လူသားစိတ်ရှိတဲ့ ကျမတို့အနေနဲ့ ကျမတို့လို ဘဝတူမိခင်တွေနဲ့ ကျမတို့သားငယ်သမီးငယ်အရွယ် ခိုကိုးရာမဲ့သူလေးတွေအတွက် ကျမတို့တတ်နိုင်တဲ့ အကူအညီနဲ့ ချွေးသိပ်ပေးဖို့၊ ထွေးသိပ်ပေးဖို့ အလွန်မှ အရေးကြီးလှပါတယ်။ ဒါဟာဖြင့် သဘာဝကပေးအပ်လိုက်တဲ့ လူသားတာဝန်တစ်ရပ်လို့လည်း ဆိုနိုင်မှာပါ။

နာဂစ်ဒဏ်ကြောင့်ကွယ်လွန်ကြသူတွေအတွက် ပေါင်းစုကာ တောင်းဆုအမျှဝေဖို့နဲ့ သူရဲကောင်းဖြစ်တဲ့ မိခင်ကို ရုဏ်ပြုရင်း၊ ခိုကိုးရာမဲ့၊ တွယ်ရာမဲ့သားငယ် သမီးငယ်တွေအတွက် ကူညီနိုင်ဖို့ပြုလုပ်ကြတဲ့ အကြင်နာလှိုင်းရင်နဲ့ရင်းတဲ့ ဆုတောင်းပွဲကို ကြွရောက်ကြပါလို့ လေးစားစွာ ဖိတ်ကြားအပ်ပါတယ်ရှင်။

သံဃာတော်များနှင့် ဘာသာပေါင်းစုံမှ ဓမ္မဆရာများ ကြွရောက်၍ ဆုတောင်းမေတ္တာပို့သကြပါမည်။ ကြွရောက်လာသော ပရိတ်သတ်များအား ထမင်း ကြက်သားစသော စားသောက်ဖွယ်တို့ဖြင့် ဧည့်ခံကျွေးမွေးပါမည်။ ။

**Saturday, June 14, 2008**

**5:00 PM to 8:00 PM, Los Cerritos Community Center 3377 Alder Ave. Fremont , CA 94536**


Mabel Tun 650-321-5578
Aye Aye Maw 408-529-9570
Myat 925-783-7495


Presented by:
**Burmese American Women's Alliance**